**၂၀၁၇ ဒီဇင်ဘာလ ၁၅ ရက်နေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ MEITI ညှိနှိုင်းရေးမှူးရုံးတွင် ကျင်းပပြုလုပ်သည့် ဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ အစည်းအဝေး အစီရင်ခံစာ**

**၁။ ရည်ရွယ်ချက်**

မြန်မာနိုင်ငံသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ၏ လုပ်ငန်းစဉ်များကို တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ထိရောက်မှုရှိစွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဖွဲ့စည်းမည့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များ (Sub-national Units -SNUs) နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် နှင့် EITI Board အဖွဲ့မှ မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် validation လုပ်ငန်းစဉ် ကိုလာရောက်ဆောင်ရွက်မည်ဖြစ်သောကြောင့် pre-validation workshop ကျင်းပနိုင်ရေး ဆွေးနွေးရန်အတွက် ဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ အစည်းအဝေးကို ကျင်းပပြု လုပ်ခဲ့ခြင်းဖြစ်ပါသည်။

**၂။ အစည်းအဝေးတက်ရောက်သူများ**

ဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ ၏ အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် (၅) ဦး၊ alternate (၃) ဦး၊ World Bank မှ ကိုယ်စားလှယ် (၂) ဦး၊ MOBD အဖွဲ့မှ (၄) ဦး၊ NRGI မှ ကိုယ်စားလှယ် တစ်ဦး၊ လေ့လာသူ (၂) ဦး နှင့် NCS မှ ကိုယ်စားလှယ် (၅) ဦးဖြင့် စုစုပေါင်း (၂၂) ဦးတက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေး တက်ရောက်သူစာရင်းအသေးစိတ်ကို နောက်ဆက်တွဲ (က) တွင်ဖော်ပြထားပါသည်။

DRAFT

**၃။ ဆွေးနွေးပွဲအစီအစဉ်**

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဖွဲ့စည်းမည့် တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub-national Coordination Unit – SNU) နှင့် ပတ်သက်၍ ဆွေးနွေးခြင်း နှင့် ရှေ့ဆက်လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း |
| ၂။ | Pre-validation workshop ကျင်းပနိုင်ရန် နှင့် ဆက်လက်လုပ်ဆောင်မည့် Validation လုပ်ငန်းစဉ်အား ဆွေးနွေးခြင်း |
| ၃။ | အထွေထွေဆွေးနွေးချက်များ |

**၄။ ဆွေးနွေးချက်များ**

**(က) တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဖွဲ့စည်းမည့် တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub-national Coordination Unit – SNU) နှင့် ပတ်သက်၍ ဆွေးနွေးခြင်း နှင့် ရှေ့ဆက်လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း**

ပထမဦးစွာ ဒေါ်ဇင်မာမြိုင် (Program Manager, NCS) မှ တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဖွဲ့စည်းမည့် တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း နှင့်စပ်လျဥ်း၍ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးကျော်ဝင်းထံမှ ခွင့်ပြုမိန့်ရရှိခဲ့ကြောင်း၊ တက်ရောက်လာသူ ကော်မတီအဖွဲ့ဝင်များအနေဖြင့် မည်သည့်တိုင်းနှင့် ပြည်နယ်ကို အရင်ဆောင်ရွက်မလဲ နှင့် မည်သို့ဖွဲ့စည်းမည်တို့ကို ဆွေးနွေးပေးစေလိုကြောင်း၊ ယင်းအစည်းအဝေးဆုံးဖြတ်ချက်ရလျှင် NCS ရုံးမှ သက်ဆိုင်ရာတိုင်း နှင့်ပြည်နယ်များသို့ စာပေးပို့ရန် အကြမ်းပြင်ဆင်ထားကြောင်း၊ NCS ရုံးအနေဖြင့်လည်း EITI 2016 စံနှုန်းများ၊ Phamphlet များ၊ Newsletter များအပါအဝင် တိုင်းနှင့်ပြည်နယ်များသို့သွားရောက်၍ orientation ဆောင်ရွက်ရန်စီ စဥ်ထားကြောင်း၊ workshop ဆောင်ရွက်နိုင်မည့် အစည်းအဝေးရက်များကိုပါ တောင်းခံရန် စီစဥ်ထားသည့်အတွက် ယင်းနှင့်စပ်လျဥ်း၍ ဆွေးနွေးပေးကြပါရန် ပြောကြားခဲ့ပါသည်။

MSG ကိုယ်စားလှယ် ဒေါ်မိုးမိုးထွန်းမှ ထိုသို့ orientation သွားရောက်လျှင် အစိုးရ နှင့် လွှတ်တော်မှာ အသစ်ဖြစ်သောကြောင့် EITI အကြောင်းကို အသိအမြင်ဖွင့်ဆောင်ရွက်ခြင်း နှင့် ယခင်နှစ်မှ EITI ၏ အတွေ့အကြုံများကိုပါ ဆွေးနွေးနိုင်လျှင် ပိုမိုသင့်တော်မည်ထင်ကြောင်း၊ orientation ဆောင်ရွက်သည့်နေ့ တွင်ပင် လွှတ်တော် နှင့်အစိုးရပိုင်းကိုပါ EITI awareness ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

ယင်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် လွှတ်တော်သို့ စာထွက်ရှိပေးရန်လိုအပ်ကြောင်းဆွေးနွေးခဲ့ကြပါသည်။ ယခုနှစ်အတွင်းမည်သည့်ပြည်နယ် နှင့်တိုင်းဒေသကြီးကို ဆောင်ရွက်ချင်သလဲ နှင့် ယင်းတို့အတွက် workplan ရေးဆွဲမည်ဖြစ်ပြီး အရင်ဆုံးခွင့်ပြုမိန့်ကျသည့် တိုင်းနှင့် ပြည်နယ်သို့ အရင်ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်းပြောကြားခဲ့ပါသည်။

ဒေါ်မိုးမိုးထွန်းမှ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်ရှိ အစိုးရကိုယ်စားလှယ်များတွင် လုပ်ငန်းကို ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မည့် ညွှန်ကြားရေးမှူး၊ ဒု-ညွှန်ကြားရေးမှူးအဆင့်များပါဝင်ရန် ရည်ရွယ်ထားကြောင်း နှင့် orientation ဆောင်ရွက်လျှင် အမေးအဖြေကဏ္ဍတွင် ထဲထဲဝင်ဝင်ဖြေဆိုနိုင်ရန်အတွက် ကဏ္ဍ (၃) ခုမှ သုံးပွင့်ဆိုင်ညွှန်ပေါင်း အဖွဲ့ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးဆန်းဝင်းမှ ယမန်နှစ်က SNU ဖွဲ့စည်းရန် တိုင်းနှင့်ပြည်နယ် လေးခုကိုရွေးချယ်ခဲ့သော်လည်း pilot အနေဖြင့် ၂ ခုသာဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း တိုင်းနှင့်ပြည်နယ် (၆) ခုစလုံးကို pilot ဆောင်ရွက်ဦးမည်လား (သို့) အကောင်အထည်ဖော်ဆောင်ရွက်မည်လား စဥ်းစားရန်လို အပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဒေါ်မိုးမိုးထွန်းမှ ယခုနှစ်တွင်း နိုင်ငံရေးအခြေအနေအရ ရခိုင်ပြည်နယ်ကို စဥ်းစားစရာခဏထား၍ ကျန်ရှိသည့် တိုင်းနှင့်ပြည်နယ် (၅) ခုကိုအရင်ဆုံးဖွဲ့စည်းနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ပြောကြားခဲ့ပါသည်။ NCS ရုံးအနေဖြင့် ဇန်နဝါရီလအတွင်း EITI အစီရင်ခံစာထွက်ရှိခြင်း၊ BO consultant လာရောက်ခြင်း နှင့် ဇန်နဝါရီလ နောက်ဆုံးပတ် နှင့် ဖေဖော်ဝါရီလအတွင်း International Secretariat မှ Pre-validation workshop ကိုဆောင်ရွက်မည်ဖြစ်သောကြောင့် အလုပ်များဖြစ်သည့်အတွက် အစိုးရ နှင့် လွှတ်တော်များကို orientation ပေးရာတွင် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များ နှင့် ဦးစိုးဝင်းတို့သာ သွားရောက်ဆောင်ရွက်လျှင်အဆင်ပြေမည်ထင်ကြောင်း၊ NCS ရုံးအနေဖြင့် အခြားအလုပ်များအပေါ် ပိုမိုအာရုံစိုက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

DRAFT

ဦးရဲလင်းမြင့်မှ အစိုးရ နှင့် လွှတ်တော်သို့ Orientation ပေးလျှင် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ တာဝန်ပေးအပ်သည့်သူများမှ သွားရောက်ဆောင်ရွက်သင့်ပြီး SNU formation နှင့် workshop ကို NCS ရုံးအနေဖြင့် ပိုမိုအာရုံစိုက်စေချင်ကြောင်း၊ workshop ကို public debate ပုံစံဖြင့် သွားချင်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဇန်နဝါရီလအတွင်းတွင် orientation ဆောင်ရွက်ပြီး workshop ဆောင်ရွက်နိုင်မည့်ရက်သတ်မှတ်ခြင်း နှင့် ဇန်နဝါရီလနောက်ဆုံးပတ် နှင့် ဖေဖော်ဝါရီလထဲတွင် workshop ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးခဲ့ကြပြီး တိုင်းနှင့်ပြည်နယ်များသို့ သွားရောက်မည့် MSG ကိုယ်စားလှယ်ကို လာမည့် ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ဦးမျိုးမင်းမှ ၎င်းတို့၏ FLEGT experience ကိုမှတည်ပြီး ဝန်ကြီးချုပ်အားမည့်ရက်ကို ညှိနိုင်းရန်လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်ချင်သည့်ရက်ထက် လွှတ်တော် နှင့် ဝန်ကြီးချုပ်များအားမည့်ရက်ကို ညှိနိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ လွှတ်တော်နှင့် အစိုးရပိုင်းကို တစ်ရက်တည်းမှာတွေ့ဆုံရှင်းလင်းကြောင်း၊ နောက်တစ်ရက်တွင် workshop ဆောင်ရွက်ကြောင်း၊ cost effective ဖြစ်ပြီး objectives များကိုချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ဦးရဲလင်းမြင့်မှ Option (2) ခုရှိကြောင်း၊ orientation ကိုသီးသန့်မလုပ်တော့ဘဲ orientation နှင့် workshop တစ်ပေါင်းတည်းဆောင်ရွက်ခြင်း နှင့် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း orientation ဆောင်ရွက်ထားပြီး ဖေဖော်ဝါရီလအတွင်းတွင်မှ workshop & SNU formation ကိုဆောင်ရွက်ခြင်း တို့ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် NCS ရုံးအနေဖြင့် အစိုးရပိုင်းနှင့် လွှတ်တော် နှင့် တွေ့နိုင်မည့်ရက်ကို ရရှိအောင်ဆောင်ရွက်ရန် နှင့် MSG တွင် ဆုံးဖြတ်ချက်ရပြီးမှ NCS ရုံးမှ စာပြင်ဆင်ပေးပို့ရန် နှင့် တွေ့ဆုံနိုင်မည့် ရက်ကိုပါ တောင်းခံရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဒေါ်ဇင်မာမြိုင်မှ Workplan တွင် SNU ဖွဲ့စည်းရန်အတွက် ဘက်ဂျက်ရှိပြီးဖြစ်သော်လည်း အသေးစိတ်မရေးဆွဲ ရသေးကြောင်း၊ SNU ကို MSG ToR အတိုင်းရေးဆွဲရမည်ဖြစ်သောကြောင့် MSG ToR ကို ပြင်ဆင်ချင်သည်များရှိလျှင် ပြင်ဆင်ရန်နှင့် ယင်းကို Finalize လုပ်ရန်လိုအပ်ကြောင်း၊ လာမည့် MSG အစည်းအဝေးတွင် ဆွေးနွေးချင်ကြောင်း နှင့် ယင်းကို International Secretariat သို့ပေးပို့ထားပြီး MSG ToR format ကိုတောင်းထားကြောင်း ပြောကြားခဲ့ပါသည်။

SNU ဖွဲ့စည်းပုံ နှင့် တာဝန် နှင့် လုပ်ပိုင်ခွင့်များသည် ပြည်ထောင်စုအဆင့် သမ္မတရုံး မှ ပြန်လည်ရရှိလာသည့်အတွက် မူကြမ်းမဟုတ်တော့ဘဲ အတည်ပြုပြီး ဖြစ်ကြောင်း၊ ယင်းကို ပြင်ဆင်၍ မရတော့ကြောင်း နှင့် သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အလိုက် ပြန်လည် ရေးဆွဲခြင်းသာ ဆောင်ရွက်နိုင်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးမှ အတည်ပြုပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီးသို့ SNU formation letter ကို ဖြန့်ဝေရာတွင် SNU ToR ထဲရှိ မူကြမ်းဆိုသည့် စကားရပ်အားဖြုတ်ရန်လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

ယင်းနောက် ဒေါ် ဇင်မာမြိုင်မှ SNU တွင် Private sector ပါဝင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်များတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ၊ ကျောက်မျက်ကဏ္ဍ တို့အနေဖြင့် အစုံမရှိနိုင်သည့်အတွက် ၎င်းတို့ပါဝင်မှုနှင့်စပ်လျဉ်း ၍ ဆွေးနွေးပေးကြပါရန် ပြောကြားခဲ့ပါသည်။

ယင်းကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့တွင် ယင်းနှင့် စပ်လျဉ်း၍မည်သို့ဆောင်ရွက်မည်၊ ဘယ်နှစ်ဦးဖြင့်ဖွဲ့စည်းမည်၊

DRAFT

စသည်တို့ကို ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ကြောင်း နှင့် NCS မှ invitation စီစဉ်ပေးနိုင်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

MSG ToR နှင့်စပ်လျဉ်း၍ ဒုတိယအကြိမ်မြောက် MSG ပထမအကြိမ်အစည်းအဝေးတွင် အရင် MSG ToR ကိုပြည်လည်သုံးမည်ဖြစ်ပြီး လိုအပ်လျှင် ပြန်ပြင်မည်ဟု ဆွေးနွေးခဲ့ကြသော်လည်း ယခုအချိန်အထိ မဆွေးနွေးနိုင်ခဲ့ကြောင်း၊ အချိန်အားဖြင့်လည်း နည်းပါးနေပြီဖြစ်သည့်အတွက် ဘယ်လိုဆောင်ရွက်မလဲကို ဆွေးနွေးရန်လိုအပ်ကြောင်း၊ 2016 EITI standards နှင့် အညီ MSGs ToR ကို ပြန်လည်ရေးဆွဲရမည့်အတွက် မိမိတို့ constituency အလိုက် ToR ကိုပြန်လည်ဆွေးနွေးနိုင်ကြောင်း နှင့် ယင်းကို (၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုချက်ရယူရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ SNU အလုပ်ရုံဆွေးနွေးပွဲအမီ MSG ToR ကိုပြင်ဆင်ရေးဆွဲနိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ SNU Workplan နှင့် budget ကို အသေးစိတ်ပြန်လည်ရေးဆွဲရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ခွင့်ပြုချက်ရရှိပြီးဖြစ်သည့် တိုင်းနှင့်ပြည်နယ် (၆) ခုအတွင် အကောင်အထည်ဆောင်ရွက်နေစဉ်တွင် SNU ဖွဲ့စည်းရန် ခွင့်ပြုချက်ရယူဖို့ကျန်ရှိနေသေးသည့် တိုင်း နှင့်ပြည်နယ် (၆) ခုအတွက် ခွင့်ပြုချက်တောင်းခံစာကို ယခုကတည်းကဆောင်ရွက်ထားရန်လိုအပ်ကြောင်း နှင့် ယင်းကို ၉ ကြိမ်မြောက် MSG တွင်ဆွေးနွေးရန်လိုအပ်ကြောင်းဆွေးနွေးခဲ့ကြပါသည်။

**(ခ) EITI Validation လုပ်ငန်းစဉ်အားရှင်းလင်းခြင်း နှင့် Pre-validation workshop ကျင်းပနိုင်ရန် နှင့် ဆက်လက်လုပ်ဆောင်မည့် Validation လုပ်ငန်းစဉ်အား ဆွေးနွေးခြင်း**

ဦးကျော်ညွှန့်မောင် (National Coordinator, NCS) မှ EITI validation ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာတွင် ၎င်းသည် EITI လုပ်ငန်းစဉ်တွင် ပဓာနကျသော အဓိကအင်္ဂါရပ်တစ်ခုဖြစ်ခြင်း နှင့် မြန်မာနိုင်ငံ၏ စွမ်းဆောင်မှုများကို လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည့်အတွက် အရေးကြီးကြောင်း နှင့် ယင်းကို ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များအနေဖြင့် EITI အကောင်အထည်ဖော်မှုအား ထင်ဟပ်ပြနိုင်သည့် စာရွက်စာတမ်းအားလုံးကို တတ်အားသရွေ့ ပြည်စုံစွာ စုစည်းထားရန်၊ EITI ကို အကောင်အထည်ဖော်နေသော နိုင်ငံများအားလုံးကို တစ်ပြေးညီ အကဲဖြတ်နိုင်ရန် နှင့် EITI ၏ အကျိုးသက်ရောက်မှုများနှင့် ပြုပြုပြောင်းလဲမှုများကို တွန်းအားပေးနိုင်သော အခွင့်အလမ်းများကို ရှာဖွေအသိအမှတ်ပြုရန်တို့ဖြစ်ကြောင်း၊ Validation နယ်ပယ်အနေဖြင့် စီမံအုပ်ချုပ်မှု၊ EITI အစီရင်ခံစာတင်ခြင်း နှင့် အကျိုးရလဒ် နှင့် အကျိုးသက်ရောက်မှုများတို့ ပါဝင်ကြောင်း၊ Validation ဆောင်ရွက်မည့်အဆင့်များ နှင့် လာရောက်ဆောင်ရွက်မည့်သူများ နှင့် MSG အနေဖြင့် ပြင်ဆင်ထားရမည့် အကျိုးဆက်စပ်ပတ်သက်သူများတွင် ပါဝင်သည့်သူများစာရင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် ၎င်းမှ EITI Validation ဆောင်ရွက်ရာတွင် ဆောင်ရွက်မည့်အဆင့်တိုင်းအတွက် ကြာမြင့်နိုင်သည့်အချိန်ပမာဏ နှင့် EITI အစီရင်စံထွက်ရှိမည့် အချိန်ဇယားတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အစီရင်စာမူကြမ်းကို ယခင်က ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ထွက်ရှိရန် မျှော်မှန်းထားသော်လည်း IA မှ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ထွက်ရှိနိုင်မည်ဟု ဆွေးနွေးထားကြောင်း တင်ပြခဲ့ပါသည်။

DRAFT

ယင်းနောက် ဦးရဲလင်းမြင့် မှ Assessment card တွင်ပါဝင်သည့် အချက်များထဲမှ အဓိကအနေဖြင့် 1.1, 1.2, 1.3 and 4.8 တို့သည် အရေးကြီးကြောင်း ပြောကြားခဲ့ပြီး ဒေါ်ဇင်မာမြိုင်မှ ယင်းအချက်များထဲမှ တစ်ခု fail ဖြစ်လျှင် overall fail ဖြစ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။
ယင်းနောက် ဒေါ်ဇင်မာမြိုင်မှ ပထမအကြိမ် MSG နှင့် ဒုတိယအကြိမ် MSG တို့၏ MSG meeting minutes & sub-committee meeting minutes in Myanmar and English version ကို Interational Secretariat သို့ပေးပို့ရမည်ဖြစ်ကြောင်း နှင့် ၎င်းအနေဖြင့် ဒုတိယအကြိမ် MSG အစည်းအဝေးအတွက် အဆင်သင့်ရှိသော်လည်း ပထမအကြိမ်အတွက် ပြန်လည်စုဆောင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဦးဆန်းဝင်းမှ ပထမအကြိမ်အစီရင်ခံစာများကို EITI website တွင်ရရှိနိုင်ပြီး ယခင် email မှ ပြန်လည်ရယူနိုင်ကြောင်း၊ ယင်းတို့ကို forward လုပ်ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။
ယင်းနောက် ကော်မတီအဖွဲ့ဝင်များမှ Validation တွင် MSG အဖွဲ့ဝင်များ၏ အစည်းအဝေး တက်ရောက်မှုသည် checklist ထဲတွင်ပါဝင်သည့်အတွက် အရေးကြီးကြောင်း နှင့် ၎င်းသည် ပြဿနာ တက်နိုင်ကြောင်း၊ ခိုင်လုံသောအကြောင်းပြချက်ရှာထားရန်လိုအပ်ကြောင်း နှင့် ယင်းကို MSG အစည်းအဝေးတွင် ဆွေးနွေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။
ယင်းနောက် ဒေါ်ဇင်မာမြိုင်မှ Interanational Secretariat ထံမှ relevant documents တွင်လိုအပ်သည့် စာရွက်စာတမ်းများအကြောင်း ကိုမေးမြန်းထားကြောင်း နှင့် Interanational Secretariat အဖွဲ့မှ ၉ ကြိမ်မြောက် MSG အစည်းဝေးမတိုင်မီ detailed documents နှင့် timeline schedule ကို ပေးပို့မည်ဖြစ်ပြီး ယင်းကို MSG အစည်းအဝေးတွင် တင်ပြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

NCS အနေဖြင့် Public Financial Management reform နှင့် Forestry reform ကိုရရှိထားကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် reforms ဆောင်ရွက်နေပြီး under report ဖြစ်သွားမည်ကို စိုးရိမ်ကြောင်း နှင့် NCS အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ reform documents များတောင်းခံရန်လို အပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက် ဒေါ် ဇင်မာမြိုင်မှ EITI အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍ နှင့် သတ္တုကဏ္ဍတို့အနေဖြင့် reporting templates များကို ပေးပို့ပေးပြီးဖြစ်ကြောင်း၊ audited report သာပေးပို့ရန် ကျန်ရှိနေပြီး ယင်းနှင့်စပ်လျဉ်း၍လည်း လုပ်ငန်းစဉ် နှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းခွဲ ကော်မတီတွင် audited report cover sheet ကိုသာပေးရန် ဆုံးဖြတ်ခဲ့သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ပေးပို့နိုင်မည်ထင်ကြောင်း ပြောကြားခဲ့ပါသည်။
ဦးဇော်ဘိုခန့်မှ ၎င်းတို့အနေဖြင့် audited report ကိုမပေးနိုင်ကြောင်း အစည်းအဝေး တွင် ဆွေးနွေးပြောကြားခဲ့ပြီးဖြစ်ကြောင်း နှင့် EITI သည် ကုမ္ပဏီများ၏ အခွန်ပေးဆောင်မှု နှင့် အစိုးရဘက်မှ အခွန်အခကောက်ခံမှုတို့ကို တိုက်ဆိုင်စစ်ဆေးခြင်းသည့်အတွက် EITI စံနှုန်း အနေဖြင့် ယင်းကို ပေးဆောင်ရန်လိုအပ်သလားသိချင်ကြောင်း နှင့် ၎င်းအနေဖြင့် EITI 2016 standards နှင့် relevant documents များကို အမြန်ဆုံးဖြန့်ဝေပေးရန် တောင်းဆိုခဲ့ပြီး NCS ရုံးမှ ယင်း EITI standards ကို ဘာသာပြန်ပြီး ၍ proof-reading ဖတ်နေကြောင်း၊ လာမည့် ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့အစည်းဝေးတွင် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(ဂ) Communication Materials အခြေအနေများကို ရှင်းလင်းတင်ပြခြင်း**

ဦးပြေသာကျော် (IT & Outreach Officer) မှ IEC materials အနေဖြင့် T-shirt နှင့် Sport Shirt တို့ရရှိပြီဖြစ်ကြောင်း၊ လာမည့် ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တွင် ပေးဝေမည်ဖြစ်သောကြောင့် observers များကို T-shirt (သို့) Sport Shirt ပေးမည်လားဆုံးဖြတ်ပေးရန် ပြောကြားခဲ့ရာ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များမှ observers များကို Sport shirt ပေးဝေမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ဆက်လက်၍ ၎င်းမှ EITI Standard 2016 ကို မြန်မာဘာသာပြန်ဆိုပြီးကြောင်း၊ MSG အစည်းအဝေးအမှီ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ APR အနေဖြင့်လည်း မြန်မာဘာသာပြန်ဆိုပြီး၍ proof-reading ဖတ်နေကြောင်း၊ Newsletter ကို ၂ လတစ်ကြိမ် ထွက်ရှိပြီး soft copy ပေးပို့ရန်ဆုံးဖြတ်ထားကြောင်း နှင့် Hard copy ကို website တွင်တင်မည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ EITI လိုအပ်ချက် ၇.၂ အရ ဒေတာများနှင့် EITI အစီရင်ခံစာများကို အများပြည်သူလက်လှမ်းမီအောင် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် NCS အဖွဲ့အနေဖြင့် အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများ နှင့် ဥပဒေများကို စုစည်းနေကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် ၎င်းမှ NCS အဖွဲ့အနေဖြင့် ကျင့်သုံးမည့် data filing စနစ်အကြောင်း ကိုရှင်းလင်းတင်ပြခဲ့ပါသည်။

**၅။ ဆွေးနွေးပွဲဆုံးဖြတ်ချက်များ**

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ယူမည့်ပုဂ္ဂိုလ် | မှတ်ချက် |
|---|---|---|---|
| ၁ | SNU ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်း နှင့် ပြည်နယ်များသို့ Orientation သက်သက်သွားမည်လား (သို့) orientation နှင့် workshop ကို ခရီးစဉ်တစ်ခုတည်းတွင် ဆောင်ရွက်မည်လားစသည့် မည်သည့်ပုံစံ နှင့်ဆောင်ရွက်မည်၊ မည်သူတွေသွားမည်ကို MSG တွင် ဆုံးဖြတ်ချက်ရပြီးမှ NCS ရုံးမှ ဝန်ကြီးချုပ်ဆီသို့ ပေးပို့မည့် စာပြင်ဆင်ပေးပို့ရန်။ | NCS | ၉ ကြိမ်မြောက် MSG အစည်းအဝေး၊ |
| ၂ | အစိုးရ နှင့် လွှတ်တော်များကို orientation ပေးရာတွင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များ နှင့် NCS ရုံးမှ ဦးစီးဝင်းတို့မှ သွားရောက်ဆောင်ရွက်ရန်။ သက်ဆိုင်ရာ constituency တစ်ခုစီမှ MSG တစ်ဦးဆီလိုက်ပါရန်။ | MSG ကိုယ်စားလှယ်များ၊ National Coordinator | |
| ၃ | တိုင်းနှင့်ပြည်နယ်များ (ရှမ်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေးတိုင်းဒေသကြီး) တို့သို့ ဦးစားပေး orientation သွားရောက်လျှင် ပါဝင်မည့် MSG ကိုယ်စားလှယ်ကို လာမည့် ၉ ကြိမ်မြောက် သုံးပွင့် ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တွင် ဆွေးနွေးရန်။ | MSG အဖွဲ့ဝင်များ | ၉ ကြိမ်မြောက် MSG အစည်းအဝေး၊ |
| ၄ | ပြည်ထောင်စုဝန်ကြီးမှ အတည်ပြုပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီးသို့ SNU formation letter ကို ဖြန့်ဝေရာတွင် မူကြမ်းဆိုသည့် စကားရပ်အားဖြုတ်ရန်။ | SNU | |

| | | | |
|---|---|---|---|
| ၅ | ~~2016 EITI standards နှင့် အညီ MSGs ToR ကို ပြန်လည်ရေးဆွဲရန်အတွက် (၉)~~ ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး တွင် ဆွေးနွေး အတည်ပြုချက်ရယူရန်။ | ~~MSG အဖွဲ့ဝင်များ~~ | ~~၉ ကြိမ်မြောက်~~ MSG အစည်းအဝေး၊ |
| ၆ | SNU Workplan နှင့် budget ကို အသေးစိတ်ပြန်လည်ရေးဆွဲတင်ပြရန်။ | NCS | |
| ၇ | NCS မှ သက်ဆိုင်ရာဝန်ကြီး ဌာနများမှ reform documents များတောင်းခံရန်။ | NCS | |
| ၈ | အစိုးရပိုင်း၊ လွှတ်တော် တို့နှင့် တွေ့နိုင်မည့်ရက်ကို NCS ရုံးမှ ရရှိအောင်ချိတ်ဆက်ဆောင်ရွက်ရန် | NCS | |
| ၉ | ၉ ကြိမ်မြောက် MSG အစည်းအဝေးတွင် stakeholders များကို Sport -shirt ဝေ၍ observers များကို T-shirt ဝေရန်။ | NCS | ၉ ကြိမ်မြောက် MSG အစည်းအဝေး၊ |
| ၁၀ | ကုမ္ပဏီများမှ Auditor လက်မှတ်ရေးထိုးထားသောအပေါ် စာမှတ်ချက်သာ ပေးပို့ရန်။ | အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီများ | |
| ၁၁ | ခွင့်ပြုချက်ရရှိပြီးဖြစ်သည့် တိုင်းနှင့်ပြည်နယ် (၆) ခုအတွင် အကောင်အထည် ဖော်ဆောင်ရွက်နေစဉ်တွင် SNU ဖွဲ့စည်းရန် ခွင့်ပြုချက်ရယူဖို့ကျန်ရှိနေသေးသည့် တိုင်း နှင့်ပြည်နယ် (၆) ခုအတွက် ခွင့်ပြုချက်တောင်းခံစာကို ယခုကတည်း ကဆောင်ရွက်ထားရေးကို MSG အစည်းအဝေးတွင်ဆွေးနွေးရန် | MSG အဖွဲ့ဝင်များ၊ NCS | ၉ ကြိမ်မြောက် MSG အစည်းအဝေး၊ |

**၆။ နောက်ဆက်တွဲ (က) အစည်းအဝေးတက်ရောက်သူများစာရင်း**

| စဉ် | အမည် | ရာထူး | အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ဦးအေးမောင်ကြည် | | GAD |
| ၂ | ဦးဝင်းနိုင် | Alternate | MGE |
| ၃ | ဦးမျိုးမင်း | လုပ်ငန်းရှင်ကိုယ်စားလှယ် | MFPMF |
| ၄ | ဦးဝင်းသန်းထွန်း | လုပ်ငန်းရှင်ကိုယ်စားလှယ် (Alternate) | Private Sector |
| ၅ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၆ | ဦးနိုင်လင်းထွဋ် | MSG | MATA |
| ၇ | ဦးအောင်ဖြိုးကျော် | MSG | MATA |
| ၈ | ဦးရဲလင်းမြင့် | Alternate | MATA |
| ၉ | ဦးထူးအောင် | Observer | MATA |
| ၁၀ | ဦးဇော်ဘိုခန့် | Observer | MOBD |
| ၁၁ | ဒေါ်ခင်ခင်လွင် | Director | MOBD |
| ၁၂ | ဦးဆန်းဝင်း | Deputy Director | MOBD |

DRAFT

| | | | |
|---|---|---|---|
| ၁၃ | ဒေါ်ခင်ဝဝနိုင် | Assistant Director | MOBD |
| ၁၄ | ဒေါ်ရွှေရည်ဝင်း | Staff Officer | MOBD |
| ၁၅ | Shona Kirkwood | Consultant | World Bank |
| ၁၆ | Tinzar Htun | National Consultant | World Bank |
| ၁၇ | ဦးထွန်းပေါ်ဦး | Technical Specialist | NCS |
| ၁၈ | ဒေါ်ဇင်မာမြိုင် | Program Manager | NCS |
| ၁၉ | ဦးကျော်ညွန့်မောင် | Technical Coordinator | NCS |
| ၂၀ | ဦးပြေသာကျော် | IT & Outreach Officer | NCS |
| ၂၁ | ဒေါ်အေးချမ်းဝေ | Communication Assistant | NCS |
| ၂၂ | ဒေါ်ခင်စောဌေး | | NRGI |

DRAFT

No. (24-26), Unit 6F, Level 6, South Horse Race Course Street, Tamwe Township, Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com